Myanmar Peace Monitor

# Weekly News Review

Issue 86, December 21 - January 3 , 2023



# နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ်

သို့မဟုတ်

# နွေဦးတော်လှန်ရေးလားရာ

# နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ်
သို့မဟုတ်
# နွေဦးတော်လှန်ရေး လားရာ....

## နိဒါန်း


စက္ကန့်၊မိနစ်၊ရက်၊လ၊နှစ်တို့သည် မည်သူ့အကူအညီမျှမပါဘဲ တစ်ရွေ့ရွေ့ ပြောင်းလဲဖြစ်တည်နေသည်။ မြန်မာ ပြည်သူလူထု၏ နွေဦးတော်လှန်ရေးသည်လည်း ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အာဏာသိမ်းစစ် အုပ်စုနှင့် ၎င်းတို့၏ ထောက်တိုင်များကို အဖက်ဖက်မှ ဖြိုဖျက်တွန်းလှန်လျက် ရှိပါသည်။ ယင်းသို့ ရုန်းကန်လှုပ်ရှားရင်းနှင့်ပင် ၂၀၂၂ ခုနှစ်သည် ကုန်ဆုံးခဲ့ချေပြီ။ လာမည့် ၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ် ဖြစ်မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ(NUG) အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများက ရည်မှန်းကာ သံပြိုင် ဟစ်ကြွေးနေကြပြီ ဖြစ်သည်။


ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် ၂၀၂၁၊ ၂၀၂၂ ခုနှစ်များအတွင်း တွေ့ရှိခဲ့ရသော အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆိုင်ရာ အချက်အလက်များနှင့် အကြောင်းအချက်များကို ချဉ်းကပ်ကာ နွေဦးတော်လှန်ရေး လားရာကို ရှာဖွေတင်ပြသွားပါမည်။

## ခုခံတော်လှန်စစ်ဆိုင်ရာ ကိန်းဂဏန်းများ

BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)များ၊ မြို့ပြဒေသအလိုက်


ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) အကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၀၈၆ ရက်အထိ ဖြစ်ပွားခဲ့ပြီး အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမိုများပြားနိုင်ပါသည်။ နှစ်အလိုက် လေ့လာကြည့်ပါက ၂၀၂၁ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆၉၉ ရက် ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁၃၈၇ရက်အထိရှိလာခဲ့ရာအာဏာသိမ်းစစ်အုပ်စု၏ခုခံတော်လှန်စစ်အရှိန်သည် နှစ်ဆနီးပါး ပိုမိုပြင်းထန်လာသည်ကို တွေ့ရပါသည်။




လအလိုက် တိုက်ပွဲဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်ပါက စက်တင်ဘာလသည် တိုက်ပွဲဖြစ်ပွားမှုအရှိန်အမြင့်ဆုံးလ ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်းကာလ ပထမနှစ်အတွင်း စက်တင်ဘာ၊ ဒီဇင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဩဂုတ်နှင့် မေလတို့သည် တိုက်ပွဲဖြစ်ပွားမှု အများဆုံးလများ ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်းတွင်မူ စက်တင်ဘာ၊ ဩဂုတ်၊ မေ၊ ဇူလိုင်၊ အောက်တိုဘာ၊ ဇွန်၊ မတ်၊ ဒီဇင်ဘာနှင့် နိုဝင်ဘာလများသည် လအလိုက် တိုက်ပွဲ ဖြစ်ပွားမှုရက်ပေါင်းရာဂဏန်းအထက်တွင်ရှိနေသည်ကိုတွေ့ရပါသည်။

တောင်တန်းမြေပြန့်ဒေသအလိုက် ခုခံတော်လှန်စစ် အပြင်းထန်ဆုံးဒေသများအဖြစ် ၂၀၂၁ ခုနှစ်အတွင်း စစ်ကိုင်း၊ ကချင်၊ ရှမ်း (မြောက်)၊ ကရင်၊ ချင်းနှင့် ကရင်နီ (ကယား) ဒေသများကို တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်အတွင်းတွင်မူ စစ်ကိုင်းတိုင်းသည် ခုခံ တော်လှန်စစ်အပြင်းထန်ဆုံးဟု ဆိုရမည်ဖြစ်ပြီး တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၃၈၆ ရက်အထိ ရှိခဲ့ သည်ကို တွေ့ရပါသည်။ ထို့နောက်တွင်မှ မကွေး၊ ချင်း၊ ကရင်နှင့် ကရင်နီ (ကယား) ဒေသများအတွင်း တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ရာဂဏန်းအထက် ရှိခဲ့ပါသည်။



စစ်အာဏာသိမ်းကာလအတွင်း ရရာလက်နက်စွဲကိုင် တော်လှန်လာခဲ့ကြသည့် မြို့ပြဒေသအလိုက် PDF-LDF များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုသည် ၂၀၂၁ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှုအရေအတွက်၏သုံးဆနီးပါးမြင့်တက်လာခဲ့ သည်ကို တွေ့ရသည်။ ၂၀၂၁ ခုနှစ်အတွင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)၊ ကရင်အမျိုးသား အစည်းအရုံး(KNU/KNLA)တို့နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုများကို တွေ့ခဲ့ရသော်လည်း ၂၀၂၂ ခုနှစ် အတွင်း ရက္ခိုင့်တပ်တော် (ULA/AA)နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲမှုများကို မြင်တွေ့ခဲ့ရပါသည်။

ဖော်ပြပါနှစ်အလိုက် ERO များ၊ PDF-LDF များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်ပါက PDF-LDF များ၏ခုခံတော်လှန်စစ်အရှိန်အဟုန်သည် သိသာထင်ရှားစွာ အားကောင်းလာသည်ဟု ဆိုနိုင်ပြီး ERO များနှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းများသည် ပြောင်းလဲဖြစ်ပေါ်နေသည်ကို သတိပြုမိပါလိမ့်မည်။ အထူးသဖြင့် KIO/KIA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားမှုကိန်းဂဏန်းသည် ၂၀၂၂ ခုနှစ်တွင် အနည်းငယ်လျော့ကြသွားခဲ့ပြီး KNU/KNLA ၊ ULA/AA နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲ



ဖြစ်ပွားမှုကိန်းဂဏန်းများကို ပိုမိုမြင့်တက်လာခဲ့ပါသည်။

အကြောင်းမူ BNI-Myanmar Peace Monitor ၏တွေ့ရှိချက်အရ နွေဦးတော်လှန်ရေးအင်အားစုများဘက်တွင် ပြတ်ပြတ်သားသားရပ်တည်လာသည့် ERO များဖြစ်သော KIO/KIA ၊ KNU/KNLA ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP/KA) နှင့် ချင်းအမျိုးသားတပ်ဦး(CNF/CAN)တို့နှင့် မြို့ပြဒေသအလိုက် PDF-LDF များအကြား ပူးပေါင်းချိတ် ဆက်ဆောင်ရွက်နိုင်မှုများကို အထိုက်အလျောက် မြင်တွေ့ရပါသည်။ ERO များနှင့် PDF-LDF ပူးပေါင်းတပ်ဖွဲ့များ နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲများကို ကချင်၊ ရှမ်းမြောက်ဒေသ၊ ကရင်၊ ကရင်နီ(ကယား)၊ စစ်ကိုင်းနှင့် ချင်းဒေသများအတွင်း ပိုမိုတွေ့ရှိရပါသည်။ ထို့ကြောင့် BNI - Myanmar Peace Monitor ၏ အချက်အလက်ကောက်ယူမှု အခြေအနေအရ လျော့ကျသွားသော EROများနှင့် စစ်ကောင်စီတပ်အကြားတိုက်ပွဲဖြစ်ပွားမှုကိန်းဂဏန်းများသည် သွယ်ဝိုက်သောနည်းဖြင့် PDF-LDF များ၏ ခုခံတော်လှန်စစ်အရှိန်တွင် ပါဝင်ပတ်သက်နေကြသည်ဟု ဆိုရပါမည်။

## ခုခံတော်လှန်စစ်ဆိုင်ရာ အကြောင်းအချက်များ

ခမ္မဘက်တွင်ပြတ်ထင်စွာရပ်တည်နေသော KIO/KIA သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)တို့နှင့် အားကောင်းမောင်းသန် ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ကချင်လွတ်မြောက်ရေးကောင်စီ(KIC) ဒုဥက္ကဋ္ဌ (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ဂွမ်မော်က ပြောဆိုထားပါသည်။

"အခုကကတော့ ကချင် KIO လို့တောင် မဟုတ်တော့ဘူး၊ ကျနော်တို့က ကချင်တစ်မျိုးသားလုံးကနေပြီးမှ CRPH နဲ့ NUGနဲ့ နားလည်မှုအပြည့်နဲ့ ပူးပေါင်းတာဖြစ်တယ်။ စစ်ရေးမှာတော့ KIA က NUG ရဲ့ MOD နဲ့ C3C လို့ခေါ်တဲ့ အစုအဖွဲ့မှာ ကျနော်တို့က အစစအရာရာ တိုင်ပင်ပြီးတော့ ကျနော်တို့ ဒီစစ်အာဏာရှင်စနစ်ကို ချုပ်ငြိမ်းအောင် ဘယ်လို လုပ်ကြမလဲဆိုတဲ့ အပိုင်းကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု သူက RFA မှတဆင့် သတင်းစကားပါးခဲ့သည်။

အင်အားတစ်ထောင်ခန့်ရှိ တိုင်းရင်းသားတပ်မဟာ(၆၁၁)ကို ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် အသစ်ထူထောင်ခဲ့သည့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) စစ်ဦးစီးချုပ် ဖုန်တဲရင်ကလည်း လာမည့် ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏တော်လှန်ရေးရေစီးကြောင်းသည် ပိုမိုပြင်းထန်လာမည်ဟု ရှုမြင်ကြောင်း ၎င်း၏ဇန်နဝါရီ ၁ ရက်နှစ်သစ်ကူးသဝဏ်လွှာတွင် ပြောဆိုထားပါသည်။

ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူဇင်ချုံး(Pu Zing Cung)ကလည်း ERO များ၊ ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ (CLDF) များ၊ PDF-LDF များနှင့် စစ်အာဏာရှင် ဖြုတ်ချရေးအတွက် တိုက်ပွဲဝင်နေကြသူများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အတူ စစ်အာဏာရှင်စနစ် အမြစ်ပြတ်သည်အထိ တိုက်ပွဲဝင်သွားမည်ဟု ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်၊ နှစ်သစ်ကူးသဝဏ်လွှာတွင် ကတိပြုထားသည်။ ချင်းဒေသအတွင်း အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးလုပ်ငန်းများများ မလည်ပတ်နိုင်စေရန် ဟန့်တားထားနိုင်ပြီဖြစ်သကဲ့သို့ မြေပြင်လမ်းမကြီးများနှင့် နယ်မြေအများစုကို စိုးမိုးထိန်းချုပ်ထားနိုင်ပြီဟုလည်း CNF ဥက္ကဋ္ဌက ဆိုပါသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ( K N P P ) ဥက္ကဋ္ဌ ခူဦးရယ်ကလည်း ၂၀၂၃ နှစ်သစ်နှင့်အတူ စည်းလုံးညီညွတ်မှု၊ မတူကွဲပြားမှုများအကြားအားနည်းချက်များကိုဆင်ခြင်ထိန်းကျောင်းကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးအမြန်ဆုံးပုံဖော်နိုင်ရေးအတွက် ပန်းတိုင်ရောက်သည်အထိ ဆက်လက်လျှောက်လှမ်းကြရန် ဆော်သြထားသည်။ ကရင်နီပြည်တွင်လည်း အာဏာသိမ်းစစ်ကောင်စီသည် မြို့ပေါ်နေရာအချို့တွင်သာ စီမံခန့်ခွဲနေနိုင်ပြီး ကျေးလက်ဒေသများနှင့် ၎င်းတို့လက်လှမ်းမမီတော့သည့် နေရာအများစုတွင် ထိန်းချုပ်စိုးမိုးထားနိုင်ခြင်း မရှိတော့ကြောင်း NUG ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဒုဝန်ကြီး ခူးထဲဘူးက ပြောပါသည်။

**အာဏာသိမ်းစစ်ကောင်စီသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ရန်သူသာမဟုတ်တော့ဘဲ ပြည်သူတစ်ရပ်လုံး၏ ရန်သူဖြစ်လာခြင်းကြောင့်ရန်သူကို ပြတ်ပြတ်သားသားချေမှုန်းသွားမည်ဟု ကြွေးကြော်ထားသည်။**

ခေတ်စနစ်၊နိုင်ငံရေးလိုအပ်ချက်များနှင့်အညီစစ်အာဏာရှင်စနစ်အပြင် အာဏာရှင်စနစ် အလုံးစုံကျဆုံးရေးအ တွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် လူမျိုးတိုင်း၊ အဖွဲ့အစည်းတိုင်း၊ အစုအဖွဲ့တိုင်းနှင့်လက်တွဲလုပ်ဆောင်ရပါမည်။ အပြောင်းအလဲဖြစ်နေသော နိုင်ငံရေးနှင့် ခေတ်စနစ်များ၏ လိုအပ်ချက်များအတိုင်း မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရပါမည်ဖြစ်ကြောင်း KNU ဥက္ကဋ္ဌစောမူတူးစေးဖိုးက ကရင်နှစ်သစ်ကူးနေ့ မိန့်ခွန်းတွင် ထည့်သွင်းပြောဆိုထားပါသည်။

KIO ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ၏ နှစ်သစ်မိန့်ခွန်းတွင်လည်းအာဏာသိမ်းစစ်ကောင်စီသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ရန်သူသာမဟုတ်တော့ဘဲ ပြည်သူတစ်ရပ်လုံး၏ ရန်သူဖြစ်လာခြင်းကြောင့် ရန်သူကို ပြတ်ပြတ်သားသားချေမှုန်းသွားမည်ဟု ကြွေးကြော်ထားသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်၊ ပြည်သူလူထုထံ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင်တော့ NUG ယာယီသမ္မတကြီး ဒူဝါလရှီလကယခုလိုပြောဆိုထားပါသည်။

"၂၀၂၂ခုနှစ်အတွင်း အမျိုးသားညီညွတ်ရေးအစိုးရဟာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် ယုံကြည်မှုကို ပိုမိုတည်ဆောက်နိုင်သလို လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ တိုင်းရင်းသား တော် လှန်ရေးအဖွဲ့တွေ အားလုံးနဲ့ ချိတ်ဆက်နိုင်ခဲ့သလို အရေးကြီးတဲ့ အဖွဲ့အစည်းတွေနဲ့ စစ်ရေး၊နိုင်ငံရေး ပူးပေါင်းမှု များကို ခိုင်မာကောင်းမွန်စွာ ဆောင်ရွက်လာနိုင်ပြီးဖြစ်ပါတယ်။ တဆက်တည်းမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျကျလက်တွဲဆောင်ရွက်မှုအပြင် ပြည်တွင်းပြည်ပမှာရှိတဲ့ အရက်ဖက်အဖွဲ့အစည်းတွေနဲ့လည်း ပိုမိုအားကောင်းချိတ်ဆက်လာနိုင်ပြီး စစ်ကောင်စီကို အဖက်ဖက်ကနေ ချိန်နဲ့သွားအောင် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါတယ်"။

## သုံးသပ်တင်ပြချက်

စစ်အာဏာသိမ်းကာလအစပိုင်းကနေ့ ၂၀၂၂ ခုနှစ် ကုန်သည်အထိ ဖြစ်တည်မှုအလှည့်အပြောင်းများသည် မြန်ဆန်လှသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကြမ်းမဖက်ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြသောစစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများသည် ယနေ့အချိန်ထိ ရပ်တန့်သွားခြင်း မရှိသေးသည့်တိုင် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် ရရာလက်နက်စွဲကိုင်ကာခုခံကာကွယ်ခြင်းမှသည်ခုခံတော်လှန်စစ်ဆင်နွှဲနိုင်သည်အထိ အရှိန်အဟုန်မြင့်တက်လာခဲ့သည်။

၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ်ဟု ပြောဆိုနေကြပြီဖြစ်သည်။ ထို့ကြောင့် ERO များ အပါအဝင် လက်နက်ကိုင်ခုခံတော်လှန်ရေးအင်အားစုများ တက်ညီလက်ညီဖြင့် အားကုန်ရုန်းဖို့ ဆိုင်းပြင်းနေကြသည်ကို တွေ့ရသည်။ MNDAA၊ တအာင်းလွတ်မြောက်ရေးတပ်ဖွဲ့(TNLA)နှင့် ULA/AA မဟာမိတ်ညီနောင် (၃)ဖွဲ့သည် နွေဦး တော်လှန်ရေးနှင့် ကင်းကွာမနေဘဲ တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးနေသည်ကို တွေ့ရသည်။ နွေဦးတော်လှန် ရေးအင်အားစုများအကြား စုစည်းညီညွတ်မှု ခိုင်မာ အား

ကောင်းခြင်းသည်သာ နွေဦးတော်လှန်ရေးကို အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်။

ခုခံတော်လှန်စစ်သည် အရှိန်အဟုန်အပြင်းဆုံးဖြင့် အပြန့်ကျယ်လာနိုင်သည့်အတွက် စစ်ဘေးရှောင်ပြည်သူလူထု၏ အရေးကို ကြိုတင်ထည့်သွင်းစဉ်းစားထားသင့်သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီး လက်နက်ငယ်အသွယ်သွယ်ဖြင့် ရမ်းသန်းပစ်ခတ်မှုများ၊နေအိမ်အဆောက်အအုံ မီးရှို့ဖျက်ဆီးမှုများကို သတိပြုရနိုင်သကဲ့သို့ ဟန့်တားနိုင်မည့် နည်းလမ်းများကိုလည်း တွက်ဆရှာဖွေထားရပေလိမ့်မည်။ ထို့အပြင်အာဏာသိမ်းစစ်အုပ်စု၏ ရွေးကောက်ပွဲ ခြေလှမ်းများကို စောင့်ကြည့်ရပါမည်။ နွေဦးတော်လှန်ရေး၏လားရာသည် နွေဦးတော်လှန်ရေး အင်အားစုများကိုယ်တိုင် ဆောင်ကြဉ်းရမည့် ပန်းတိုင်ဖြစ်ရပေမည်။


စစ်အာဏာရှင် စနစ်အပါအဝင် အာဏာရှင်မှန်သမျှ မုချချုပ်ငြိမ်းရေး၊ တန်းတူညီမျှရေးကို အာမခံသော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို မမိုတ်မသုန် ဦးတည်ရန် အမြဲသတိချပ်ရမည်ဖြစ်ကြောင်း ရှုမြင်မိပါသည်။ စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်စနစ်ကို နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသော နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ် (ဝါ) နွေဦးတော်လှန်ရေး၏လားရာသည် ပြည်သူလူထု၏ထောက်ခံအားပေးမှု၊ အင်အားစုများအကြား စည်းလုံးညီညွတ်မှု၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှု စသည့်အကြောင်းအချက် များဟန်ချက်ညီစွာ လှုပ်ရှားဆောင်ရွက်နိုင်ရေး အထူးလိုအပ်မည်ဖြစ်သည်။

အချိန်သည်တစ်နှစ်ပြီးတစ်နှစ်၊တစ်လပြီးတစ်လ၊တစ်ရက်ပြီး တစ်ရက် ပျက်သုဉ်းကုန်ဆုံးနေပြီဖြစ်သည်။ နွေဦး တော်လှန်ရေးသည် အာဏာသိမ်းစစ်အုပ်စုအပေါ် ဘက်ပေါင်းစုံမှ အသာစီးရနေသည်ဟု ရှုမြင်ရပါသည်။ ၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်နှစ်ဖြစ်ခဲ့သော်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အတွက် ယုံကြည်ချက်၊မျှော်လင့်ချက်နှင့် လုံခြုံစွာရပ်တည်ရှင်သန်နိုင်ရေးအတွက် အာမခံချက်ပေးနိုင်ပါ့မလားဟု တွေးဆနေမိကြောင်း တင်ပြအပ်ပါသည်။

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏မှတ်တမ်းအရ ဒီဇင်ဘာလ ၁၄ ရက် မှ ဒီဇင်ဘာလ ၂၀ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များ၊တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များ အကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၅ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၀ ရက်အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့် အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၅၁ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
ဒီဇင်ဘာ ၂၁ - ဇန်နဝါရီ ၃ - ၂၀၂၃


**225** စစ်ကောင်စီတပ်သားသေဆုံးမှု


**12** အရပ်သားသေဆုံးမှု

**42** အရပ်သားသေဆုံးမှု




## မြဝတီ စစ်ဘေးရှောင်အရေအတွက် (ဒီဇင်ဘာ ၂၁ – ဇန်နဝါရီ ၃ – ၂၀၂၃)






# စစ်ကိုင်းတိုင်း

အင်းတော်မြို့နယ် နတ်မဟုတ်မကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့မှ နိုဝင်ဘာ ၁၈ ရက်ကတည်းက ဖမ်းဆီးခေါ်ဆောင်သွားသော အရပ်သားပြည်သူ ၈ ဦးအား ဒီဇင်ဘာ ၂၅ ရက်တွင် ကမ်းနီးကျေးရွာအနီး၌ ရက်စက်စွာ အသတ်ခံထားရသည့် ပုပ်ပွနေသော ရုပ်အလောင်းများအဖြစ် ပြန်လည်တွေ့ရှိခဲ့ပါသည်။ သေဆုံးသူများမှာ ဦးမင်းနိုင် ၅၀ နှစ်၊ ဦးကျော်သန်း ၆၀ နှစ်၊ ဦးဘိုဘိုဝေ ၃၃နှစ်၊ ဦးကျော်ငွေ ၅၀နှစ်၊ ဦးကျော်ထွန်း ၅၀ နှစ်၊ ဦးထွန်းနိုင် ၃၈နှစ်၊ ဦးမြင့်ဖေ ၆၀ နှစ်နှင့် ဦးသာပြုံး ၆၈ နှစ်တို့ဖြစ်ကြပါသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် စစ်ကိုင်းမြို့နယ်၊ မြင်းဆည်ရွာနှင့် အနီးနားမှ ကျေးရွာအချို့ကို စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် အိမ်ခြေ ၁၀၀ ကျော်ပျက်စီးရှုံးခဲ့ပြီး မြင်းဆည်ရွာမှ သက်ကြီးရွယ်အို ၃ ဦးလည်း မီးထဲတွင် ပါဝင်သွားပြီး သေဆုံးခဲ့ပါသည်။ ထို့ပြင် ဒီဇင်ဘာ ၂၁ ရက်ကလည်း ဆားတောင်နယ်ဘက်မှ ကျေးရွာများ စစ်ကောင်စီတပ်နှင့် ပျူစောထီးတို့မှ မီးရှို့ခဲ့ခြင်းကြောင့် အသက်၈၀ကျော် အဘွားအိုတစ်ဦးမီးလောင်ထဲပါသွားပြီး သေဆုံးခဲ့ပါသည်။

ထို့ပြင် ဘုတလင်မြို့နယ်အတွင်း စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီတပ်သည် ရွှေတောင်ကျေးရွာမှ လူနေအိမ်များကိုလည်း မီးရှို့ခဲ့ပြီး အသက် ၇၀ ကျော် အဘိုး၊ အဘွား ၂ဦးနှင့် အသက် ၃၀ ကျော် လူငယ်တစ်ဦးတို့အား စစ်ကောင်စီတပ်မှ ဇန်နဝါရီ ၂ရက်တွင် အကြောင်းမဲ့ သတ်ဖြတ်ခဲ့ပါသည်။

ကနီ၊ မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ ယင်းမာပင်၊ မြင်းမူ၊ အရာတော်၊ တမူး၊ ပုလဲ နှင့် အင်းတော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆၈ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့ သည်။ ထို့ အပြင် ဘုတလင်မြို့နယ်တွင် စစ်ကောင်စီတပ် မိုင်းဆွဲ တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁ ဦး သေဆုံးခဲ့ သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် မော်လိုက်၊ အင်းတော်၊ စစ်ကိုင်း၊ တမူး နှင့် ဘုတလင် မြို့နယ်များမှ ပြည်သူ ၁၇ ဦး သေဆုံးခဲ့ သည်။ မော်လိုက်မြို့နယ်၊ ဝဲဒေါင့်ရွာကို စစ်ကောင်စီတပ်မှ မြေပြင်စစ်ကြောင်းထိုး တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ဒေသခံ ၉၀၀ ကျော် ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရသည်။





# ကချင်ပြည်နယ်


စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည်သည် ဖားကန့်မြို့နယ်၊ ဆန်ခါကျေးရွာရှိ ခရစ်ယာန် ဘုရားကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် ဘုရားကျောင်းဝင်းအတွင်း စာသင်နေသော ကလေးငယ် ၂ဦး အပါအဝင် ဆရာမ ၂ ဦးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖားကန့်အချုပ်ထောင်မှ စစ်ကောင်စီတပ်သားများသည်လက်နက်ကြီးဖြင့်အရပ်လေးမျက်နှာသို့ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။


ဒီဇင်ဘာ ၂၄ရက်တွင် ဖားကန့်မြို့နယ် ဒွန်ဘန်ရဲဘက်စခန်းမှ ထောင်မှူးတစ်ဦးဖြစ်သူ ကိုင်ဇာလျန်အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များမှ နေအိမ်အတွင်း ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသည့် ဒွန်ဘန်ရဲဘက်စခန်း ထောင်မှူးသည် ခြေမြန်တပ်ရင်းအမှတ်(၈၂၈)တွင် ဗိုလ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး၊ အရပ်ဘက် ရဲအရာရှိသို့ ပြောင်းခဲ့ပြီးနောက်ပိုင်း ဒွန်ဘန်ရဲဘက်စခန်း၏ အကျဉ်းထောင်မှူး ဖြစ်လာခဲ့သူကာ၊ သတင်းပေးအဖြစ် နာမည်ကြီးသူတစ်ဦးဖြစ်ပါသည်။

# မကွေးတိုင်း


ဆောမြို့နယ်တွင် ဒီဇင်ဘာ ၂၆ ရက်က စစ်ကောင်စီတပ်မှ တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အရပ်သားနေအိမ်များပေါ်သို့ ကျရောက်ပြီး ဒေသခံ ၄ဦး သေဆုံးပြီး ၅ဦး ဒဏ်ရာရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဆောမြို့နယ်အတွင်းတိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲပြည်သူများနေထိုင်သည့်ကျေးရွာအပေါ်ကိုအကြောင်းမဲ့ လာရောက်ပစ်ခတ်ခြင်းဖြစ်ပါသည်။

ဒီဇင်ဘာ ၂၂ ရက်တွင် မြိုင်မြို့နယ်အတွင်း စစ်ကောင်စီကင်းပုန်းနှင့် PDF တပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး PDF ရဲဘော် ၃ ဦး ကျဆုံးခဲ့ကာ ၂ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ကျဆုံးခဲ့သည့် ရဲဘော်များမှာ အသက် ၁၈နှစ်အရွယ် ရဲဘော်အာဒံနှင့် ရဲဘော်တေမိနှင့် ရဲဘော်တက်ပုတို့ ဖြစ်ကြပါသည်။ မြိုင်မြို့နယ်အတွင်း PDF ထိန်းချုပ် နယ်မြေများ များပြားလာခြင်းကြောင့် စစ်ကောင်စီတပ်မှ အင်အား အလုံးအရင်းဖြင့် ထိုးစစ်ဆင်ခြင်း၊ နယ်မြေပြန်လည်ထိန်းချုပ်ရန် ကြိုးပမ်းခြင်း၊ မတရားဖမ်းဆီး သတ်ဖြတ်ခြင်းနှင့် နေအိမ်မီးရှို့ခြင်းများဆက်တိုက်ပြုလုပ်နေပါသည်။




ကမ္မ၊ မြိုင် နှင့် ရေစကြိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီးစစ်ကောင်စီတပ်မှ ၁၆ဦးကျဆုံး၍ပြည်သူ့ကာကွယ်ရေးတပ်မှ ၅ဦး ကျဆုံးခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဆောမြို့နယ်၊ ညောင်ကန်ရွာကို စစ်ကောင်စီတပ်က တိုက်လေယာဉ်ဖြင့် ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် အရပ်သားပြည်သူ ၄ဦးသေဆုံးခဲ့သည်။





# မန္တလေးတိုင်း

သံဃသမဂ္ဂ(မန္တလေး) ဦးဆောင်ဆရာတော်များထဲမှ တစ်ပါးဖြစ်သည့် အရှင်အာစာရအား ဇန်နဝါရီ ၃ရက်တွင် စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ သံဃသမဂ္ဂ(မန္တလေး)အနေဖြင့် အာဏာသိမ်းစဉ်မှစ၍ ယနေ့အချိန်ထိ စစ်ကောင်စီကိုနေ့စဉ်ဆန္ဒပြနေဆဲဖြစ်ပြီး၊ထိုသို့ဆန္ဒပြနေမှုများကြောင့်စစ်ကောင်စီကမန္တလေးမြို့ရှိကျောင်းတိုက်အချို့ကိုဝင်စီးပြီးအကြမ်းဖက်ဖမ်းဆီးမှုများပြုလုပ်လျှက်ရှိပါသည်။

မတ္တရာမြို့နယ်၊ ပိုကြေူးရွာမှ PDFရဲဘော် ၂ဦးအား စစ်ကောင်စီတပ်သားများမှ အရှင်လတ်လတ် မီးရှို့သတ် ခဲ့ကြောင်း၊ ၎င်းတို့၏အလောင်းကို ဒီဇင်ဘာ ၂၉ ရက်တွင် ပြန်လည်တွေ့ရှိခဲ့ကြောင်းဒေသခံများထံမှသိရပါသည်။ဖြစ်စဉ်မှာဒီဇင်ဘာ ၂၆ရက်တွင် ပိုဝကျေးရွာအတွင်းတပ်စွဲထားသည့်စစ်ကောင်စီတပ်သည်ဒေသခံရွာသားအယောက် ၃၀အားဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပြီး၊ PDF များမှသွားရောက်ကယ်ထုတ်စဉ်ရဲဘော် ၂ ဦးအဖမ်းခံခဲ့ရခြင်းဖြစ်ပါသည်။

ဒီဇင်ဘာ ၃၁ ရက်၊ နှစ်သစ်ကူးညတွင် မန္တလေးမြို့မှ Mandalay Young Force (MYF)နှင့် ဝက်လက် PDFမှ အဖွဲ့ဝင် ၁၆ ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပြီး၊ စစ်ကြောရေးသို့ ပို့ဆောင်ထားကြောင်းသိရပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၁၄ ဦးပါဝင်ပြီး၊ အသက် ၁၈ နှစ်မှ ၂၀ နှစ်အတွင်း လူငယ်များဖြစ်ကြပါသည်။

ပြည်ကြီးတံခွန်၊ ညောင်ဦး နှင့် သပိတ်ကျင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီးစစ်ကောင်စီတပ်မှ၃၄ဦးကျဆုံးခဲ့သည်။ ထို့အပြင်ပြင်ဦးလွင်နှင့် မတ္တရာမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၉ ဦး သေဆုံးခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့ မတ္တရာမြို့နယ်၊ ပိုဝကျေးရွာမှာ စစ်ကောင်စီတပ်က တပ်စွဲထားပြီး ရွာသား ၃၀ ကို ဓားစာခံအဖြစ် ဖမ်းဆီးထားတာကြောင့် သွားရောက်ကယ်ထုတ်ချိန်မှာ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင် ၂ ဦး ဖမ်းဆီးခံရပြီး အရှင်လတ်လတ် မီးရှို့သတ်ခံခဲ့ရသည်။ ထို့အပြင် ပိုဝကျေးရွာအနီးမှာ ဒီဇင်ဘာလ ၂၇ရက် မနက်ပိုင်းကလည်း စစ်ကောင်စီတပ်က ဖမ်းဆီးသတ်ဖြတ်ထားသည့် အသက် ၂၀ အရွယ် ပြည်သူ ၁ ဦး အလောင်းကိုတွေ့ရပါသည်။




မြင်းခြံခရိုင်၊ နွားထိုးကြီး မြို့ပေါ်တွင် စစ်မှုထမ်းဟောင်း ကိုသန်းလင်းအောင်(ခ)မိုက်တီးကို အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှုများတွင် ပါဝင်သောကြောင့် ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်း ခဲ့သည်။ ထို့အပြင် ဝမ်းတွင်းမြို့နယ်၊ ညောင်တိုကျေးရွာ အုပ်စုမှ စစ်ကောင်စီ လက်အောက်ခံ အုပ်ချုပ်ရေးမှူးသားအဖ ၂ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ချမ်းအေးသာစံမြို့နယ်၊ ပြည် ကြီးပျော်ဘွယ် အနောက်ရပ်ကွက်တွင် ကျောက်စိမ်းရောင်းဝယ်ရေး လုပ်ကိုင်သူ ၁ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ သေနတ်ဖြင့် ပစ် ခတ်မှုကြောင့် သေဆုံးခဲ့သည်။

# ကရင်ပြည်နယ်





ကော့ကရိတ်မြို့အနီး၊ ရွှေကြက်မင်းဘုန်းကြီးကျောင်းပေါ်သို့ ဒီဇင်ဘာ ၂၆ ရက်တွင် စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲသဖြင့် သံဃာတော်တစ်ပါးပျံတော်မူကာ ကိုရင်၊ ဦးဇင်းနှင့် ကျောင်းသားအပါအဝင် ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိခိုက်ဒဏ်ရာရရှိသည့် သံဃာတော်နှင့် ကျောင်းသားများကို ကော့ကရိတ်ဆေးရုံနှင့် ဘားအံဆေးရုံများသို့ ပို့ဆောင်ထားပါသည်။


ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်စွန်းကျေးရွာ ဘုန်းကြီးကျောင်းပုရဝုဏ်တွင် စခန်းချနေထိုင်သည့် စစ်ကောင်စီတပ်ဖွဲ့နှင့်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်ရင်း ၁၆ တို့သည် ဒီဇင်ဘာ ၃၁ ရက်နေ့မှစ၍ ဇန်နဝါရီ ၃ ရက်အထိ တိုက်ပွဲဖြစ်ပွားနေပြီး တိုက်ပွဲအတွင်း ပိတ်မိနေသော စစ်ဘေးရှောင်များမှာ စားနပ်ရိက္ခာမရဘဲ တိမ်းရှောင်နေကြရပါသည်။

နှစ်ဖက်တိုက်ပွဲဖြစ်ပွားနေသည့်ရက်များတွင် စစ်ကောင်စီဘက်မှ စစ်လေယာဉ်များဖြင့် အကြိမ်များစွာ လာရောက်ပုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် တောင်စွန်းရွာမှ လူနေအိမ်အများအပြားနှင့် ဘာသာရေးအဆောက်အဦးအချို့မီးလောင်ပြာကျခဲ့ပါသည်။

ကြာအင်းဆိပ်ကြီး၊ ဖာပွန်နှင့် ကော့ကရိတ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅၉ဦး သေဆုံးခဲ့သည်။ တိုက်ပွဲကြောင့် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များမှ ဒေသခံ ၄၀၀၀ ကျော် စစ်ဘေးရှောင်နေရသည်။ ထို့အပြင် ကော့ကရိတ်မြို့နယ် တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီးကြောင့် ရဟန်းသံဃာတော်အပါအဝင် အရပ်သား ၃ ဦး သေဆုံးခဲ့သည်။







# ပဲခူးတိုင်း

သာယာဝတီမြို့နယ်၊ ဂုံမင်းမြောင်ကျေးရွာတွင် ရာအိမ်မှူး တစ်ဦး အပါအဝင် အမျိုးသား၅ဦးအားပုံးနှင့်သေနတ်များနှင့်အတူစစ်ကောင်စီတပ်သားများမှ ဒီဇင်ဘာ ၂၈ ရက်တွင် ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူ ရာအိမ်မှူးမှာ ဦးသိန်းဇော်ဝင်းဖြစ်ပြီး၊ ၎င်း၏နေအိမ်အတွင်းသို့ စစ်ကောင်စီတပ်သားများမှ ဝင်ရောက်ရှာဖွေကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ပြည်မြို့ဆင်ဆုရပ်ကွက်မှ ကာတွန်းဆရာ ကာတွန်းတာတီးဆိုသူကို စစ်ကောင်စီတပ်သားများမှ လာရောက်ဖမ်းဆီးခဲ့ပါသည်။ ကာတွန်းတာတီးသည် ခြေထောက်တစ်ဖက် မသန်သူဖြစ်ပြီး၊ ကျန်းမာရေး မကောင်းသူတစ်ဦးဖြစ်သည့်အပြင် ဖမ်းဆီးခံရချိန်မှစ၍ မိသားစုနှင့် အဆက်အသွယ်ပြတ်တောက်နေပြီး မည်သူနေရာတွင် ထိန်းသိမ်းထားသည်ကို မသိရဘဲ ဖြစ်နေပါသည်။


ကြို့ပင်ကောက်မြို့နယ်အတွင်း လာရောက် ရှောင်တိမ်းနေသည့် ရှမ်းပြည်အခြေစိုက် ကမ္ဘောဇတိုင်းသတင်းဌာန၏ အယ်ဒီတာချုပ်ဖြစ်သူ ကိုကျော်ဇောအား ဒီဇင်ဘာ ၂၅ ရက်တွင် စစ်ကောင်စီတပ်သားများမှ ဖမ်းဆီးခဲ့ပါသည်။ ကိုကျော်ဇောသည် ၂၀၁၇ ခုနှစ်မှ စတင်က ကမ္ဘောဇတိုင်းသတင်းဌာနတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး၊ စစ်အာဏာသိမ်းကာလဖြစ်သော ၂၀၂၁ ခုနှစ် မတ်လတွင် ပုဒ်မ ၅၀၅(က) အပါအဝင် မတရားပုဒ်မများနှင့် အမှုဖွင့်ခဲ့ထားရသူဖြစ်ကာ၊ စစ်ကောင်စီတပ်မှကို ကျော်ဇောအား မမိသဖြင့် ၎င်း၏အမျိုးသမီး အပါအဝင် ကမ္ဘောဇတိုင်း သတင်းဌာနမှ ဝန်ထမ်း ၄ ဦးအား ဖမ်းဆီးထောင်ချခဲ့ပါသည်။

ရေတာရှည်နှင့် ရွှေတောင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့တာဝွရွာနှင့် ပွဲပြည့်ရွာ လမ်းမပေါ်တွင် စစ်ကောင်စီတပ် မိုင်းဆွဲ တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁ ဦး သေဆုံးခဲ့သည်။ အင်းတကော်မြို့နယ်၊ ထုံးကြီးကျေးရွာမှ ပျူစောထီးအဖွဲ့ဝင်ကျေးရွာကြံ့ခိုင်ရေးပါတီစည်းရုံးရေးမှူး ၁ ဦး နှင့် သနပ်ပင်မြို့နယ်၊ အထက်ကျုံပါ ကျေးရွာမှ ကြံ့ခိုင်ရေးပါတီဝင် ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။






# ရှမ်း (သျှမ်း) ပြည်နယ်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

0 - 0

0 - 3

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နွားဘန်းကြီးကျေးရွာရှိ နေအိမ်တစ်လုံးကို စစ်ကောင်စီတပ်က မီးရှို့ပြီး အပြစ်မဲ့ ပြည်သူအမျိုးသမီးနှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ဖမ်းဆီးခံရသူ အမျိုးသမီး ၂ဦးမှာ အသက် ၃၅ ဝန်းကျင်နှင့် ၄၀ ဝန်းကျင်တို့ဖြစ်ပြီး၊ ကိုယ်ဝန်ဆောင်တစ်ဦးနှင့် လသားအရွယ် ကလေးမိခင်တစ်ဦးတို့ဖြစ်ကြပါသည်။ ဒီဇင်ဘာ ၂၄ ရက်တွင် စစ်ကောင်စီတပ်သည် အဆိုပါကျေးရွာအတွင်းသို့ အင်အားအများအပြားနှင့် စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီ၊ ဒေသခံနေအိမ်များကို ဝင်ရောက်မွှေနှောက်ကာ ငွေကြေးနှင့် အသုံးအဆောင်များကိုလည်း ယူဆောင်ခဲ့ကြပါသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ကွတ်ခိုင်မြို့နှင့် တာမိုးညဲကြားမော်ဟန်ရွာအနီး ပြည်ထောင်စု ကားလမ်းမပေါ်တွင် ခရီးသည်တင်ကားတစ်စီး ဓားပြတိုက်ခံရပြီး ယာဉ်မောင်းအမျိုးသားတစ်ဦးနှင့် ၎င်းသူငယ်ချင်းဖြစ်သူတို့ကို လက်ပြန်ကြိုးတုတ်ကာ ပစ်သတ်ခဲ့ကြောင်းသိရပါသည်။ အသတ်ခံရသူ အမျိုးသားနှစ်ဦးမှာ အသက် ၂၄ နှစ်နှင့် ၁၉ နှစ်အရွယ်တို့ဖြစ်ပြီး ကွတ်ခိုင်မြို့တွင် နေထိုင်ကြသူများဖြစ်ကြပါသည်။

သျှမ်း(ရှမ်း)ပြည်မြောက်ပိုင်း၊ မူဆယ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၀ ဦး သေဆုံးခဲ့သည်။ တိုက်ပွဲကြောင့် ဟိုပန်၊ ဆမာနှင့် မန်ကန်ရွာများမှ ဒေသခံ ၁၅၀ ကျော်ဘေးလွတ်ရာကို ထွက်ပြေးနေကြရသည်။





# ကရင်နီ (ကယား) ပြည်နယ်


စစ်ကောင်စီတပ်သည် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်ကန်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေရာ လွိုင်ကော်မြို့နယ် ဒေါမူကလားကျေးရွာအတွင်းသို့ ဇန်နဝါရီ ၃ရက်တွင် လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံ ၂ဦး ထိ ခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ဇန်နဝါရီ ၃ ရက်တွင် ဒီးမော့ဆိုမြို့စစ်ကောင်စီအခြေစိုက်တပ်များ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒီးမော့ဆို အနောက်ဖက်ခြမ်းမှ အသက် ၅၅ နှစ်အရွယ် ဒေါ်စုမြာဆိုသူ ဒဏ်ရာရရှိပြီး သွေးထွက်လွန် သေဆုံးခဲ့ရကာ ဒီးမော့ဆို အရှေ့ဖက်ခြမ်းမှ အသက် ၇၇ နှစ်အရွယ် အမျိုးသားတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ဇန်နဝါရီလ ၃ ရက်နေ့၊ ည ၇ နာရီဝန်းကျင် အချိန်တွင် ဒီးမော့ဆိုမြို့၊ အနောက်ဖက်ခြမ်း စစ်ရှောင်စခန်းတစ်ခုကို စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ၅၅ နှစ် အရွယ် အမျိုးသမီး ၁ဦးသေဆုံးခဲ့သည်။



# တနသ်ာရီတိုင်း





လောင်းလုံးမြို့နယ်၊ ဝေဒီကျေးရွာက မင်္ဂလာဆောင်ပွဲ တစ်ခုအတွင်း ဒီဇင်ဘာ ၂၉ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး၊ ၁၆ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ မင်္ဂလာဆောင်ပွဲတစ်ခုအတွင်းသို့ အမည်မသိ အမျိုးသား နှစ်ဦး ရောက်ရှိလာကာ အိတ်အမည်းတစ်လုံး လာထားခဲ့ရာမှ ပေါက်ကွဲမှု ၂ ကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ ထိခိုက်ဒဏ်ရာရရှိသူများတွင် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီး တစ်ဦးလည်း ပါဝင်ခဲ့ပါသည်။


ဒီဇင်ဘာ ၂၂ ရက်တွင် စစ်ကောင်စီတပ်သည် လောင်း လုံးမြို့နယ်မှ လမ်းသွားလမ်းလာ အမျိုးသမီး ၅ဦးနှင့် အမျိုးသား တစ်ဦးတို့ကို အကြောင်းမဲ့ ဖမ်းဆီးခဲ့ပါသည်။ ဒီဇင်ဘာ ၂၃ ရက်တွင်လည်း မိုင်းဆွဲတိုက်ခိုက်ခံရသော စစ်ကောင်စီတပ် သည် လောင်းလုံးမြို့နယ်၊ ညင်းမော်ကျေးရွာအနီး ဆီအုန်း တောအတွင်း နွားကျောင်းနေသည့်ဒေသခံအမျိုးသားတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ပါသည်။

ဆန်နှင့် ရိက္ခာခြောက်များသယ်ဆောင်ခွင့် ပိတ်ပင်ခံထား ရသော ထားဝယ်မြို့နယ် အရှေ့တောနယ်ဒေသရှိစစ်ရှောင် ပြည်သူများအား အန္တေးထည်၊ သယ်ယူပို့ဆောင်ခွင့်ကိုစစ်ကောင်စီတပ်မှ ထပ်မံကန့်သတ်ခဲ့ပါသည်။ စစ်ဘေးရှောင်နှင့် နယ်မြေခံကာကွယ်ရေးတပ်ဖွဲ့များကို ကူညီထောက်ပံ့မှုမပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်ပြီး၊ အဆိုပါဒေသမှ စစ်ဘေးရှောင်များမှာ စားနပ်ရိက္ခာ မလုံ လောက်မှုအပြင် အအေးဒဏ်ကိုလည်း ခံစားနေကြရပါသည်။

ပုလော နှင့် တနင်္သာရီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ပုလောမြို့နယ်၊ ပလမြို့ရဲစခန်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံ အမျိုးသား ၂ဦး သေဆုံးခဲ့သည်။ ရေဖြူမြို့နယ်၊ ဇီးကျကျေးရွာ၊ တိုးဂိတ်အနီး စစ်ကောင်စီယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရပြီးရှန်းရင်းဆန်ခတ်ဖြစ်စဉ် အတွင်း ဆိုင်ကယ်မောင်းနေသည့် ဒေသခံ အမျိုးသမီး ၁ ဦးကားဖြင့်တိုက်ခံရပြီးသေဆုံးခဲ့သည်။ တနင်္သာရီမြို့နယ်တွင် လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများ နှင့် စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုများကြောင့် ညောင်ပင်ကွင်း၊ ၅ မိုင်၊ ၆ မိုင်၊ ပျို့အိုင်၊ ဗောဓိကမ်း၊ ဘန်လော၊ လေးမိုင်၊ ဘန်းလမွတ်၊ ညောင်ပင်ကုန်းနှင့် ရမ်းဖို စသည့် ကျေးရွာများမှ ဒေသခံ ၁၅၀၀ နီးပါး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။










# မွန်ပြည်နယ်

ရေးမြို့နယ် ရေးချောင်းတောင် မြစ်ကူးတံတားပေါ်တွင် ဇန်နဝါရီ ၁ ရက် ညက ကင်းတဲစောင့် စစ်ကောင်စီတပ်သား ထံမှ မတော်တဆကျည်ထွက်ကျမှုကြောင့် သူနာပြု ဆရာမ တစ်ဦးအပါအဝင် ဒေသခံ ၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဆိုင်ကယ် ဖြတ်သန်းစီးနင်းခွင့်မပြုသော အဆိုပါတံတားတွင် အဲဒီတံတားပေါ်၌ ဆိုင်ကယ်တွန်းပြီး သွားလာနေချိန်တွင် ထိမှန်ခဲ့ခြင်းဖြစ်ပါသည်။

ဒီဇင်ဘာ ၂၅ ရက်တွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်၊ အုတ်ဖိုလမ်းရှိ ငါးထပ် တိုက်တစ်ခုမှ ရိုဟင်ဂျာ ၂၄ ဦးအား စစ်ကောင်စီတပ်သားများမှ ဝင်ရောက် ဖမ်းဆီး ခဲ့ကြောင်း၊ ဖမ်းဆီးခံရသူများတွင် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၁ ဦး ရှိပြီး မော်လမြိုင်မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပါသည်။

ဒီဇင်ဘာလ ၂၇ ရက်နေ့ ရေးမြို့နယ်၊ ကျောင်းရွာတွင် စစ်ကောင်စီတပ်ကားကို ရေးဘီလူးအဖွဲ့က ကြားဖြတ် ပစ်ခတ်မှုကြောင့်စစ်ကောင်စီတပ်သား ၂ဦးသေဆုံးခဲ့သည်။





# ရေဝတီတိုင်း

မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာမှ အသက် ၂၇ နှစ်အရွယ် CDM ကျောင်းဆရာ ဦးကောင်းခန့်ကျော်ဆိုသူအား စစ်ကောင်စီတပ်လက်အောက်ခံ ဟင်္သာတထောင်တွင်း တရားရုံးမှ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ပုဒ်မ ၅၁(က)နှင့် လူသတ်မှု ပုဒ်မ ၃၀၂(၁)ဂ တို့ဖြင့် ဒီဇင်ဘာ ၃၀ ရက်တွင် သေဒဏ်ချမှတ်ခဲ့ပါသည်။ ၎င်းအား မြန်အောင်မြို့နယ် သပြေကုန်းရွာမှ စစ်ကောင်စီသတင်းပေး ဦးဝင်းညွှန့်အောင်(ဂျပ်ကြီး)ဆိုသူ အသတ်ခံရမှုတွင် ပါဝင်ခဲ့သည်ဟု စွပ်စွဲကာ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ဦးကောင်းခန့်ကျော်သည် စစ်အာဏာမသိမ်းမီက မြန်အောင်မြို့နယ်၊ ထိပ်ပုတ်ကုန်းကျေးရွာ စာသင်ကျောင်းတွင် မူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်အာဏာသိမ်းပြီးနောက် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပါသည်။

ထို့ပြင် ကျိုက်လတ်မြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီဝင် ၅ ဦးကိုလည်း စစ်ကောင်စီလက်အောက်ခံ တရားရုံးမှ နှစ် ၂၀ မှ နှစ် ၄၀ အထိ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ပါသည်။

ဇန်နဝါရီ ၂ ရက်တွင် ဟင်္သာတမြို့ လယ်တီကွင်း စစ်ဆေးရေးဂိတ်၌ ကျောက်သယ်ကားဖြင့် လိုက်ပါလာသော အသက် ၁၈ နှစ်အောက် အရွယ် ရိုဟင်ဂျာကလေးငယ် ၁၀ ဦးအပါအဝင် စုစုပေါင်း ၃၉ ဦး အား စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၃၆ ဦးပါဝင်ခဲ့ပြီး၊ ဟင်္သာတမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံထားရပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ဟင်္သာတမြို့နယ်တွင် စစ်ကောင်စီသတင်းပေးဟုနာမည်ကြီးနေသည့် ဦးကျော်လွင်ဆိုသူသည် အမည်မသိ လက်နက်ကိုင် တပ်ဖွဲ့၏ သေနတ်ဖြင့် ပစ်ခတ်ခြင်းကြောင့် သေဆုံးခဲ့သည်။





# ရန်ကုန်တိုင်း

ရွှေပြည်သာမြို့နယ်၊ ဝင်းသာခုကန်အိမ်ရာ ရှေ့လမ်းမနှင့် သာခုကန် ရပ်ကွက်၊ အမှတ် ၄ ရပ်ကွက်တို့ရှိ လမ်းသွယ်များတွင် ဆိုင်ကယ်စီးနင်းသူများအား စစ်ကောင်စီတပ်မှ ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ပစ်ခတ်သဖြင့် ဆိုင်ကယ်စီးသူ အမျိုးသမီးတစ်ဦးနှင့် အမျိုးသမီး ၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

သန်လျင်မြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ ရိုဟင်ဂျာ လူမျိုး ၈၀ ကျော်ကို စစ်ကောင်စီတပ်က ဇန်နဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် ဖမ်းဆီးခဲ့ပါသည်။ သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်ရှိ နေအိမ်တစ်ခုတွင် ရိုဟင်ဂျာလူမျိုးများနေထိုင်နေသည်ဟု သတင်းကြောင့် ဇန်နဝါရီ ၂ရက်တွင် စစ်ကောင်စီတပ်မှ ဝင်ရောက်ဖမ်းဆီးခဲ့ရာ အမျိုးသမီး ၂၅ ဦး၊ အမျိုးသား ၃၉ ဦးနှင့် အသက်မပြည့်သေးသည့် ကလေးငယ် ၈ဦးတို့ ပါဝင်ခဲ့ပါသည်။ ထို့ပြင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ တောကြောင်ကလေး ဘူတာ၌ မော်လမြိုင်မြို့သို့ သွားရန်စောင့်ဆိုင်းနေသော ရိုဟင်ဂျာ ၉ ဦးအား ပွဲစား ၂ ဦးနှင့်အတူ စစ်ကောင်စီတပ်သားများက ဇန်နဝါရီ ၃ရက်တွင် ဖမ်းဆီးခဲ့ပါသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် ပြည်တွင်းအခြေစိုက် Media Top 4 သတင်းဌာနတည်ထောင်သူ သတင်းထောက် ဦးသူရိန်ကျော်အား စစ်ကောင်စီတပ် လက်အောက်ခံ မရမ်းကုန်းခရိုင်တရားရုံးမှ အလုပ်နှင့်ထောင် ၁၀ နှစ် ချမှတ်ခဲ့ပါသည်။ စစ်ကောင်စီတပ်သားများမှ ဦးသူရိန်ကျော်အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ရီလ အတွင်းက အင်းစိန်မြို့နယ်၊ အောင်ဇေယျ အိမ်ရာထဲတွင် ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ – ၄၉ (က) ဖြင့် တရားစွဲဆိုခဲ့ပါသည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့က စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ သဇင်လမ်းမပေါ်ရှိ စူပါ လက်ဖက်ရည်ဆိုင်တွင် စစ်ကောင်စီခန့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။






# ရခိုင်ပြည်နယ်

သံတွဲမြို့မှ ပန်းချီဆရာမ ဒေးဒေးအား ဒီဇင်ဘာ ၃၀ ရက်တွင် စစ်ကောင်စီလက်အောက်ခံ သံတွဲတရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပါသည်။ စစ်ကောင်စီတပ်မှ ပန်းချီဆရာမ ဒေးဒေးကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် PDF များကို ထောက်ပံ့ကူညီသည်ဟု စွပ်စွဲကာ ၂၀၂၂ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်ဥပဒေပုဒ်မ ၅၀ (ည) ဖြင့် တရားစွဲဆိုခဲ့ပါသည်။

တောင်ကုတ်မြို့နယ် မှိုဟင်းတောကျေးရွာမှ မတရား အသင်းဆက်သွယ်မှု ပုဒ်မ ၁၇ (၁) ဖြင့် တရားစွဲခံထားရသည့် အသက် ၄၀ အရွယ် ဦးသန်းထွန်းသည် စစ်ကြောရေးတွင် စစ်ဆေးစဉ် နှိပ်စက်ခံရ၍ ဘယ်ဖက်နံရိုးကျိုးသွားကာ ဆေးကုသမှုခံယူနေရပါသည်။

ရက္ခိုင့်တပ်တော် (AA) နှင့် စစ်ကောင်စီတို့ အလွတ်သဘော အပစ်အခတ်ရပ်စဲထားပြီဖြစ်သော်လည်း မောင်တောမြို့နယ်မှ အစိုးရဝန်ထမ်းအချို့နှင့် ဒေသခံပြည်သူအချို့အား စစ်ကောင်စီတပ်မှ ဖမ်းဆီးမည်ဟု သတင်းများထွက်ပေါ်နေခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ထိုကဲ့သို့ တိမ်းရှောင်နေရသူသည်များမှာ မောင်တောမြို့နယ်ရှိ နယ်ပယ်အသီးသီးက ဖြစ်ကြပြီး ဖမ်းဆီးခံရမည်ဟု သတင်းထွက်ပေါ်နေသော လူဦးရေ ၁၀၀ ခန့် ရှိနေပါသည်။








# ချင်းပြည်နယ်

မင်းတပ်မြို့အနောက်ဘက် (၅) မိုင်အကွာ တက္ကသိုလ်ကျောင်းဝန်းအနီးတွင် ကင်းလှည့်နေသည် စစ်ကောင်စီ တပ်သားများမှ ဒေသခံအမျိုးသား (၃) ဦးအား ဖမ်းဆီး သတ်ဖြတ်ခဲ့ခြင်းကြောင့်မိသားစုဝင်များမှသေဆုံးသူ ၂ဦး၏ရုပ်အလောင်းအား ပြန်လည်တွေ့ရှိခဲ့သော်လည်း ကျန်တစ်ဦးမှာ ပျောက်ဆုံးနေခဲ့ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်ထံတွင် အသတ်ခံရခြင်းကြောင့် ချင်းလူမျိုး ၃၅၅ ဦး သေဆုံးခဲ့ပြီး၊ အိမ်ခြေစုစုပေါင်း (၁၅၀၅) မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ချင်းရေးရာအဖွဲ့ချုပ်ထံမှ သိရပါသည်။ အသတ်ခံရသူများထဲတွင် အမျိုးသား ၁၃၂ ဦးနှင့် အမျိုးသမီး ၃၅၊ ၁၈နှစ်အောက် ယောကျာ်းလေး ၁၉ ဦးနှင့် မိန်းကလေး ၅၊ လသားအရွယ် ကလေး ၂ ဦးနှင့် ဓမ္မအမှုတော်ဆောင် ဆရာတော် (၄) ပါးလည်း ပါဝင်ခဲ့ပါသည်။

တီးတိန်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသ ကာကွယ်ရေးတပ်ဖွဲ့များတို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မင်းတပ်မြို့အခြေစိုက် ခလရ ၂၇၄ တပ်ရင်းက စစ်ကောင်စီတပ်သားများသည် ဒီဇင်ဘာလ ၂၇ ရက်နေ့ တွင် လုံးခါး၊ ထန်းရိုးနှင့် နန်းဂီး ကျေးရွာမှ ပြည်သူအမျိုးသား (၃) ဦးကို ဖမ်းဆီး သတ်ဖြတ်ခဲ့သည်။



# နိုင်ငံတကာ စာမျက်နှာ



မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် ဖက်ဒရယ်အရေးအတွက် အမေရိကန် ဒေါ်လာ ၁၃၆ သန်းထက် မနည်း သုံးစွဲနိုင်ဖို့ ၂၀၂၃ ခုနှစ် အမေရိကန် အစိုးရဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု ဥပဒေ Consolidated Appropriations Act of 2023 ကို အမေရိကန်သမ္မတဂျိုးဘိုင်ဒန်က ဒီဇင်ဘာ ၂၉ ရက်တွင် လက်မှတ်ထိုး အတည်ပြုခဲ့ပါသည်။ အဆိုပါ ဒေါ်လာ ၁၃၆ သန်းသည် လူသားချင်း စာနာမှုဆိုင်ရာ ကူညီထောက်ပံ့ရေး၊ အချက်အလက်စုဆောင်းရေး၊ လူ့အခွင့်အရေး၊ စစ်အာဏာရှင် ပြုတ်ကျရေးတို့အတွက် သီးသန့်ငွေကြေးထောက်ပံ့မှုအနေဖြင့် အကူအညီပေးသွားနိုင်မည်ဖြစ်ပါသည်။

ဇန်နဝါရီ ၂ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂကလေးများဆိုင်ရာ ရန်ပုံငွေအဖွဲ့ (UNICEF) မှ မြန်မာနိုင်ငံတွင် ကလေးငယ် ၅ ဒသမ ၆ သန်းကျော်သည် အရေးပေါ်အကူအညီများ လိုအပ်နေသည်ဟု ထုတ်ပြန်ခဲ့ပါသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများသည် နိုင်ငံအဝန်း အရှိန်မြင့်နေပြီး ကလေးငယ် ၅ ဒသမ ၆ သန်းအပါအဝင် ခန့်မှန်းလူဦးရေ ၁၇ ဒသမ ၆ သန်းသည် လူသားချင်း စာနာ ထောက်ထားမှု အကူအညီများ လိုအပ်နေကြောင်း UNICEF ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဏာသိမ်းစစ်တပ်က ဖမ်းဆီးထားသူများ အမြန်ဆုံး လွှတ်ပေးရန်နှင့် အကြမ်းဖက်မှုများ အမြန်ဆုံးရပ်တန့်ရန်ပါဝင်သော ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၂၁ ရက်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပါသည်။

ယင်းဆုံးဖြတ်ချက်သည် မြန်မာ့အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ နှစ်ပေါင်း ၇၄ နှစ်အတွင်း ပထမဆုံး အကြိမ်ထွက်ပေါ်လာခြင်းဖြစ်ပြီး၊ လုံခြုံရေးကောင်စီ၏ အဆိုပါ ဆုံးဖြတ်ချက်မှာ စစ်ကောင်စီတပ်က မြန်မာပြည်သူများအပေါ် ကျူးလွန်နေမှုများကို လေးလေးနက်နက် သတိပေးချက်ဖြစ်သည်ဟုလည်း ဗြိတန်သံအမတ်ကြီးက ပြောကြားခဲ့ပါသည်။

အဆိုပါ မူကြမ်းကို ဗြိတိန်နိုင်ငံက တင်သွင်းခဲ့ပြီး အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဗြိတိန်၊ အမေရိကန်၊ တရုတ်၊ ရုရှား၊ ပြင်သစ်၊ အိန္ဒိယ၊ ဘရာဇီး၊ အယ်ဘေးနီးယား၊ ဂါဘွန်၊ အိုင်ယာလန်၊ ကင်ညာ၊ မက္ကဆီကို၊ နော်ဝေ၊ ယူအေအီး၊ ဂါနာ အစရှိသည့် နိုင်ငံများက ဆုံးဖြတ်ခဲ့ကြပါသည်။

ဒီဇင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံ တော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား စစ်ကောင်စီတပ်မှ

> နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဏာသိမ်း စစ်တပ်က ဖမ်းဆီးထားသူများ အမြန်ဆုံး လွှတ်ပေးရန်နှင့် အကြမ်းဖက်မှုများ အမြန်ဆုံး ရပ်တန့်ရန်ပါဝင်သော ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဒီဇင်ဘာ ၂၁ ရက်က ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပါသည်။

ထောင်ဒဏ်များ ထပ်မံစီရင်ခြင်းသည် နိုင်ငံရေးလောကမှ ဖယ်ထုတ်ရန် လုပ်ဆောင်နေသည့် ကြိုးပမ်းမှုများဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ကြောင်း ဥရောပသမဂ္ဂ EU က ကြေညာခဲ့ပါသည်။ နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကို စစ်ကောင်စီတပ်၏ နေပြည်တော်အချုပ်ထောင်တွင်း တရားရုံးက ထောင်ဒဏ်ရနှစ်စီ ထပ်မံချမှတ်လိုက်ခြင်းနှင့်ပတ်သက်ပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ထောင်ဒဏ် ၃၃ နှစ် ချမှတ်ခံထားရသော ဒေါ်အောင်ဆန်းစုကြည်အား ချက်ချင်းပြန်လွှတ်ပေးရန် ဇန်နဝါရီ ၃ ရက်က သတင်းစာရှင်းလင်းပွဲတစ်ခုမှ တောင်းဆိုခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာသိမ်းစစ်ကောင်စီက နောက်ဆုံးပြစ်ဒဏ်များ ချခဲ့ခြင်းနှင့် ပတ်သက်၍ အတွင်းရေးမှူးချုပ်က အထူးစိုးရိမ်လျက်ရှိကြောင်းနှင့် စွပ်စွဲခံရသူများအနေဖြင့် ပြန်လည်ခုခံပိုင်ခွင့်ရသင့်ပြီး တရားခွင်များလည်း အများပြည်သူထင်သာမြင်သာရှိသော တရားခွင်မျိုး ဖြစ်သင့်ကြောင်း ထပ်လောင်းပြောဆိုခဲ့ပါသည်။

အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်မှ မြန်မာ သတင်းသမားများကို ထောင်ဒဏ်ချမှတ်ခြင်းများ ဆက်လုပ်နေခြင်းကြောင့် နိုင်ငံတကာအနေဖြင့် စစ်ခေါင်းဆောင်များ၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းပြင်းထန်ထန် အရေးယူပေးရန် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ RSFမှ ဒီဇင်ဘာ ၂၁ရက်က ထုတ်ပြန် တောင်းဆိုခဲ့ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ သတင်းထောက်ဦးရေ ၆၀ ကျော်ကို စစ်ကောင်စီတပ်က ဖမ်းဆီးထိန်းသိမ်းထားပြီး၊ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံသည် သတင်းထောက်အများဆုံး ဖမ်းဆီးခံရသည့် နိုင်ငံဖြစ်ပြီး၊ မြန်မာနိုင်ငံက ဒုတိယမြောက် သတင်းသမားများ ဖမ်းဆီးခံရသည့် နိုင်ငံဖြစ်ပါသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထူးကိုယ်စားလှယ်သစ် မစ္စတာ တိန့်ရှီကျွန်း (Deng Xijun)နှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များဖြစ်သော မြောက်ပိုင်း မဟာမိတ် (EAOs) ၇ ဖွဲ့နှင့် ယခုရက်ပိုင်းတွင် တွေ့ဆုံမှုတစ်ခုရှိခဲ့ပြီး၊ မိတ်ဆက်ပွဲအနေနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ထူးခြားသည့် ဆွေးနွေးမှု မရှိခဲ့ကြောင်းသိရပါသည်။သို့သော်မြန်မာနိုင်ငံဆိုင်ရာတရုတ်ကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်တွင် စစ်ကောင်စီက ကျင်းပမည့် ရွေးကောက်ပွဲအခြေအနေများကို ပိုပြီးနားလည်သ ဘောပေါက်မှုရရှိရန် အဆိုပါအဖွဲ့အစည်းမှ သဘောထားများကို လာရောက်မေးမြန်း စုံစမ်းခြင်းဖြစ်နိုင်ကြောင်း မြန်မာ့နိုင်ငံအရေးလေ့လာသူများက သုံးသပ်ထားကြပါသည်။

တွေ့ဆုံပွဲတွင် မြောက်ပိုင်း မဟာမိတ် EAOs များဖြစ်သည့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် မိုင်းလားအဖွဲ့ (NDAA)၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)၊ ရက္ခိုင့်တပ်တော် (AA)၊ တအာင်း ပလောင် အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ ကိုးကန့်တပ်ဖွဲ့ (MNDAA) ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

ထို့ပြင် မစ္စတာ တိန့်ရှီဂျွန် (Deng Xijun)သည် ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး နေပြည်တော်တွင် စစ်ကောင်စီတပ်နှင့် တွေ့ဆုံဆွေးနွေးနေသော အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင် ၅ ဖွဲ့တို့နှင့်လည်း ဆက်လက်တွေ့ဆုံသွားမည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပါသည်။

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**